

# စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ အပတ်စဉ်ထုတ်ပြန်ချက်

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့မှ ၁၂ ရက်နေ့အထိ



**၁၃၂၉+**

သတ်ဖြတ်ခံရ



**၁၀၈၈၉+**

ဖမ်းဆီးခံခဲ့ရ



**၇၀၁၆+**

ချုပ်နှောင်ခံထားရဆဲ



**၁၉၈၃+**

ဖမ်းဝရမ်းထုတ်ခံရ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

# အကျဉ်းချုပ်

မြန်မာနိုင်ငံတွင် ရက်စက်ကြမ်းကြုတ်သော လူ့အခွင့်အရေး ချိုးဖောက်မှုများလျော့ပါးသွားသည့် အရိပ်အယောင်များ မရှိသေးပါ။ ဆန့်ကျင်ဘက်အားဖြင့် မတည်ငြိမ်သော အခြေအနေသည် နေ့စဉ်နှင့်အမျှ ပို၍ဆိုးလာသည်။ ဒီဇင်ဘာ ၅ ရက်တနင်္ဂနွေနေ့ ရန်ကုန်မြို့တွင် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သူကို တပ်မတော်ယာဉ်များဖြင့် အကြမ်းဖက် ဝင်တိုက်ခိုက်ခဲ့ရာ အသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရသူ အများအပြားရှိခဲ့သည်။ အာဏာသိမ်းစစ်တပ်ပိုင် မီဒီယာဝါဒဖြန့်မှုတွင် မည်သို့သော အမှားအယွင်းလုပ်ရပ်များမလုပ်ခဲ့ကြောင်း ငြင်းဆိုခဲ့သည်။

ရက်အတန်ကြာပြီးနောက် စစ်အာဏာရှင်ကို ပိုမိုပြင်းထန်စွာ အံတုပြီး ဆန့်ကျင်ဆန္ဒပြခဲ့သည်။

စစ်အာဏာရှင်မှ ထိန်းချုပ်ရန် ကြိုးပမ်းနေချိန် လူငယ်များသည် အသက်ကိုစွန့်၍ နွေဦးတော်လှန်ရေး အောင်မြင်စေရန်အတွက် မားမားမတ်မတ် ရပ်တည်နေကြသည်။ အာဏာရှင်၏ လုပ်ရပ်နှင့် အရပ်သားတို့၏ ဘဝကို လျစ်လျူရှုခြင်းအတွက် နောက်ကွယ်တွင် ဒီမိုကရေစီအရေးတောင်းဆိုဆန္ဒပြပွဲများကို အရှိန်အဟုန်ဖြင့်လှုံ့လဆော်ပေးနေခြင်းသာဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လက်နက်ကိုင် ခုခံတော်လှန်ရေး လှုပ်ရှားမှုများကို စစ်အာဏာရှင်မှ ပစ်မှတ်ထားခဲ့သည်။ အရပ်သားများကို ပစ်မှတ်ထားသေ ရက်စက်ကြမ်းကြုတ်မှုများ နိုင်ငံအနှံ့ ဖြစ်ပွားခဲ့သည်။ မကြာသေးမီက အရပ်သား ၁၁ ဦးသည် ကြိုးဖြင့် တုပ်နှောင်ခံရကာ အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခံခဲ့ရသည်။ အသတ်ခံရသူအများစုမှာ အသက် ၃၀ နှစ်အောက် လူငယ်များဖြစ်ပြီး ငါးဦးသည် အသက် ၁၈ နှစ်အောက်များဖြစ်သည်။ ၎င်းတို့၏ အလောင်းများသည် အာဏာသိမ်းစစ်တပ်၏ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို တာဝန်ခံမှုမရှိဘဲ ပြစ်ဒဏ်ကင်းလွတ်ခွင့်များရနေသည့် နောက်ထပ် သက်သေအထောက်အထားဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုထဲတွင်ပင် အရပ်သား ၁၄ ဦး မီးရှို့ခံရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လေကြောင်းတိုက်ခိုက်မှုများ တိုးလာသည့်အပြင် လက်နက်ကြီးများနှင့် အမြောက်များဖြင့်တိုက်ခိုက်မှုကြောင့် အောက်ဖော်ပြပါကျေးရွာများဖြစ်သည့် အောင်စည်မြေ၊ အောင်သာယာ၊ ဘော်ကုန်း၊ လယ်ပြင်ကျယ်နှင့် မြကန်သာကျေးရွာများမှ အရပ်သားများ ထွက်ပြေးခဲ့ရသည်။ ထိုကဲ့သို့ တိုက်ခိုက်မှုများကြောင့် စိုးရိမ်ထိတ်လန့်မှုများကြားမှ ထွက်ပြေးတိမ်းရှောင်လာသော အရပ်သားတစ်ဦးမှ ပြည်တွင်းမီဒီယာတစ်ခုဖြစ်သော Myanmar Now ကိုကျွန်တော်တို့အခု ပြေးနေရတယ် ဒါပေမဲ့ ကျွန်တော်တို့ရွာ မီးရှို့ခံခဲ့ရရင်တောင် ဂရုမစိုက်ဘူး။ အဟောင်းကို အသစ်နဲ့အစားထိုးနိုင်တယ်။ ကျွန်တော်တို့အသစ်ကပြန်စနိုင်တယ်။ ကျွန်တော်တို့ရဲ့ ဦးတည်ချက်က အာဏာရှင်ကို အမြစ်ဖြတ် ဖြုတ်ချဖို့ဖြစ်တယ် "ဟု ပြောကြားခဲ့သည်။

စစ်အာဏာရှင်သည် လူထုအား ထိန်းချုပ်ရန်၊ အရပ်သားတို့၏ သဘောထားကွဲလွဲမှုများကို လုံးဝ ချေမှုန်းပစ်ရန်နှင့် ၎င်းတို့၏ စစ်အာဏာသိမ်းမှုပန်းတိုင်အောင်မြင်ရန် ရက်စက်ကြမ်းကြုတ်သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပါဝင်ကျူးလွန်နေသည်။ ထိုသို့သော ပန်းတိုင်သည် ပြင်းထန်သော ဖိနှိပ်ချုပ်ချယ်ခြင်းကို ခံထိုက်ပေသည်။ ကုလသမဂ္ဂ အဖွဲ့များ၏ အားနည်းသည့် ဆုံးဖြတ်ချက်များနှင့် ဒေသတွင်းအစည်းအဝေးများမှ ချန်လှပ်ထားရုံဖြင့် အာဏာသိမ်းစစ်တပ်အား အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခြင်းမှ ရပ်တန့်ရန် မလုံလောက်ပါ။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ကလေးသူငယ်များ အသတ်ခံခဲ့ရပြီး အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) အဖွဲ့ဝင်တစ်ဦး ပစ်သတ်ခံခဲ့ရသည်။ အကျဉ်းချခံထားရသော အမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာ စော်ကားမှုနှင့် နှောင့်ယှက်ခံရသည့် သက်သေများသည် အာဏာသိမ်းစစ်တပ်၏ ပြစ်ဒဏ်ကင်းလွတ်ခွင့်နှင့် အရပ်သားများ၏ အသက်ကို လျစ်လျူရှုခြင်း၏ သာဓကများဖြစ်သည်။ ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းသော လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိနေသော်လည်း မြန်မာနိုင်ငံရှိ ပြည်သူများသည် ထိုရက်စက်ကြမ်းကြုတ်မှုများကြောင့် ၎င်းတို့၏ စိတ်ဓာတ်ကို ရိုက်ချိုးခွင့်မပြုဘဲ စစ်အာဏာရှင်အား ဆက်လက်ဆန့်ကျင်နေကြသည်။ စိုးရိမ်ထိတ်လန့်ဖွယ်ရာကြား ပြည်သူများသည် စစ်အာသိမ်းမှုကို ဆန့်ကျင်နေကြသောကြောင့် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးအတွက်တောင်းဆို ဆန္ဒပြမှုများကို နိုင်ငံတကာအသိုင်းအဝိုင်းမှ ထောက်ခံပံ့ပိုးရန် ပျက်ကွက်ခဲ့မှုသည် လက်ခံနိုင်ဖွယ်ရာမရှိပါ။ ကမ္ဘာ့ဇာတ်ခုံပေါ်ရှိ အုပ်ချုပ်ရေးအဖွဲ့များသည် ၎င်းတို့လုပ်ပိုင်ခွင့်အာဏာကို အသုံးချ၍ ကာကွယ်ပေးရန် လိုသည်။

# တိုင်းရင်းသားဒေသများရှိ ပဋိပက္ခများ

## ချင်းပြည်နယ်

ချင်းလူ့အခွင့်အရေးအဖွဲ့ CHRO မှတ်တမ်းအရ အကြမ်းဖက် စစ်တပ်ထောင်ထားသည့် မြေမြှုပ်မိုင်းကြောင့် အသက် ၄၅ နှစ်အရွယ် မိခင်တစ်ဦးသေဆုံးခဲ့ပြီး သူမ၏ ၂ နှစ်အရွယ်ကလေး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရခဲ့သည်။ နို့စို့အရွယ် ကလေးငယ်လေး၏ ဦးခေါင်းတွင် ပြင်းထန်ဒဏ်ရာရခဲ့ပြီး ခြေတောက်နှစ်ဖက်ဆုံးရှုံးခဲ့ရသည်။ ထိုသို့ ရက်စက်ယုတ်မာသော တိုက်ခိုက်သည့် လုပ်ရပ်များသည် နောက်ထပ်ရှင်းလင်းသော သတိပေးချက်ဖြစ်ပြီး အရပ်သားပြည်သူများ နေ့စဉ် ကြုံတွေ့နေရသည့် ဖြစ်ရပ်ဖြစ်သည်။။

## ကရင်ပြည်နယ်

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA ၏ထုတ်ပြန်ချက်အရ အကြမ်းဖက်စစ်ကောင်စီတပ်မှ စစ်ရေးလှုပ်ရှားမှုများတိုးချဲ့မှုကြောင့် ထိတွေ့တိုက်ပွဲများ ပုံမှန်တိုးလာလျက်ရှိသည်။ ၂၀၂၁ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း အကြမ်းဖက်စစ်တပ်နှင့် တိုက်ပွဲပေါင်း ၃၃၅ ကြိမ် ဖြစ်ပွားခဲ့သည်။ တိုက်ပွဲများအားလုံးလိုလိုတွင် ကျေးရွာများ၊ လယ်ယာမြေများနှင့် စိုက်ပျိုးမြေများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်သောကြောင့် တိုက်ပွဲများအတွင်း အရပ်သားသည် သေဆုံးနိုင်ချေရှိသော ဆိုးဝါးသည့် အန္တရာယ်များနှင့် ရင်ဆိုင်နေရသည်။

မကြာသေးမီမှ ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ယက် KSPN မှထုတ်ပြန်သော "မူတြော်တခွင် လက်နက်ကြီးဖြင့် ဒဏ်ခတ်ခြင်း" အစီရင်ခံစာတွင် မူတြော်ခရိုင်အတွင်း လေကြောင်းနှင့် မြေပြင် ပစ်မှတ်ထားတိုက်ခိုက်မှုများကြောင့် အရပ်သား ၈၀,၀၀၀ ကျော်မှာ ပြည်တွင်းနေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။

## ကယားပြည်နယ်

ကယား(ကရင်နီ) ပြည်နယ်တွင် ပိုမိုဆိုးရွားလာသော အခြေအနေများကြောင့် ဒေသခံ ထောင်နှင့်ချီ၍ ထွက်ပြေးခဲ့ရသည်။ IDP စခန်းများတွင် ဘေးကင်းလုံခြုံရေးအတွက် ထွက်ပြေးခိုလှုံသူများလည်း စားနပ်ရိက္ခာ ပြတ်လပ်နိုင်သည့် အလားအလာ အပါအဝင် စိုးရိမ်ပူပန်မှုများ ရှိနေသည်။ အရပ်သားများကို အိုးမဲ့အိမ်မဲ့ဖြစ်စေသည့် အကြမ်းဖက်မှုများသည် စားနပ်ရိက္ခာပြတ်လပ်မှု ဖြစ်စေကြောင်း ဒေသတွင်း လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းမှ ထုတ်ဖော်ပြောဆိုခဲ့သည်။ အခြေအနေတည်ငြိမ်မှု တစ်စုံတစ်ရာ မတွေ့ပါက တစ်လ သို့မဟုတ် နှစ်လအတွင်း စားနပ်ရိက္ခာ ပြတ်သွားနိုင်သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရာတွင် နှောင့်နှေးပါက မြေပြင်ပေါ်ရှိ IDP များ၏ ဒုက္ခကို ပိုမိုဆိုးရွားလာစေမည်။ တချိန်တည်းတွင် ဖရူဆိုနှင့် ဒီးမော့ဆိုမြို့နယ်များမှ လူငယ်များကို အကြမ်းဖက်စစ်တပ်မှ ဆက်လက် ပစ်မှတ်ထားနေသည်။ Karenni Civil Society Network ၏ အဆိုအရ ထွက်ပြေးတိမ်းရှောင်သူဦးရေ ၁၅၀,၀၀၀ ကျော်သည် ကယားပြည်နယ် လူဦးရေ၏ ထက်ဝက်ကျော်ရှိသည်။ အရပ်ဘက်အဖွဲ့အစည်းများသည် ၎င်းတို့၏ အခြေခံ ကုန်စည်နှင့် ဝန်ဆောင်မှုများ လက်လှမ်းမီမှု မရှိသူများအတွက် စားနပ်ရိက္ခာ၊ အမိုးအကာနှင့် အသက်ရှင်ရပ်တည်ရေး ပစ္စည်းများ ပံ့ပိုးပေးရန် မမောမပန်း လုပ်ဆောင်လျက်ရှိသည်။ ဤကဲ့သို့သော ကြိုးပမ်းမှုများကို နိုင်ငံတကာအသိုင်းအဝိုင်းမှ ထောက်ပံ့ရမည် ဖြစ်သည်။

“မြန်မာနိုင်ငံရဲ့ ကြောက်စရာကောင်းတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေနဲ့ပတ်သက်ပြီး ကမ္ဘာကိုသတင်းစကား ပေးပို့လိုပါတယ်။ တိတ်ဆိတ်ခြင်းသည် အကျယ်လောင်ဆုံး ဟစ်ကြွေးသံဘဲ။ ကျွန်မတို့ရဲ့ ရပိုင်ခွင့်တွေကို ပြန်လိုချင်တယ်။ တော်လှန်ချင်တယ်။ ကျဆုံးသွားတဲ့ သူရဲကောင်းတွေအတွက် ဝမ်းနည်းကြေကွဲရပါတယ်”

*မြန်မာနိုင်ငံတစ်ဝှမ်း လူ့အခွင့်အရေးနေ့တွင်ကျင်း သည့် 'အသံတိတ်သပိတ်' နှင့် စပ်လျဥ်း၍ လူ့ အခွင့်အရေးလှုပ်ရှားသူ မခင်စန္ဒာကျော်၏ ပြော ကြားချက်*



*အသံတိတ်သပိတ်ဆင်နွဲသည့်နေ့ မန္တလေးတွင် လူမရှိသလောက်ဖြစ်နေသည့် လမ်းမကြီးအားတွေ့ရစဉ်။ [Reuters]*

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## ဒီဇင်ဘာ ၆ ရက်နေ့

ကုလသမဂ္ဂ အထွေထွေညီလာခံသည် စစ်အာဏာရှင်များအား နိုင်ငံတကာ အသိအမှတ်ပြုရန် ဆိုင်းငံ့လိုက်သည့် ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပြီး နိုင်ငံတကာ အဖွဲ့အစည်းအဝိုင်းတွင် မြန်မာနိုင်ငံကိုယ်စားပြုမှုကို ထိထိရောက်ရောက် ငြင်းပယ်ခဲ့သည်။

## ဒီဇင်ဘာ ၇ ရက်နေ့

စစ်ကိုင်းတိုင်းဒေသကြီးတွင် အရပ်သား ၁၁ ဦး ကြိုးတုပ်ခံရပြီး မီးရှို့ခံရသည့် သက်သေရုပ်ပုံများ လူမှုကွန်ရက်တွင် ကျယ်ကျယ်ပြန့်ပြန့် ဝေမျှခဲ့သည်။ အသတ်ခံရသည့်အထဲမှ ငါးဦးသည် အသက် ၁၈ နှစ်အောက် ကလေးများဖြစ်ကြသည်။

## ဒီဇင်ဘာ ၈ ရက်နေ့

Meta (Facebook) သည် Facebook ပေါ်ရှိ စစ်အစိုးရနှင့် ချိတ်ဆက်ထားသော လုပ်ငန်းအားလုံးကို ဖယ်ရှားလိုက်သည်။ အရပ်ဘက်အဖွဲ့အစည်းများသည် စစ်ဘက်နှင့် ဆက်စပ်သည့် လုပ်ငန်းများကို ပလက်ဖောင်းမှဖယ်ရှားရန် ဆယ်စုနှစ်များစွာကြာ တောင်းဆိုခဲ့သည်။

## ဒီဇင်ဘာ ၉ ရက်နေ့

သတင်းထောက်များ ကာကွယ်စောင့်ရှောက်ရေး ကော်မတီ၏ အဆိုအရ မြန်မာနိုင်ငံသည် သတင်းထောက်များအား ဖမ်းဆီးထောင်ချသည့် အဆိုးဝါးဆုံး စာရင်းတွင် ဒုတိယနေရာတွင် ရှိနေသည်။

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## ဒီဇင်ဘာ ၁၀ ရက်နေ့

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့တွင် အာဏာသိမ်းစစ်တပ်၏ ရက်စက်စွာ သတ်ဖြတ်ခံခဲ့ရသည့် ကျဆုံးသွားသော အရပ်သားများအား အောက်မေ့ဖွယ်ရာ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံတွင် အသံတိတ်သပိတ်ဖြင့် ဆန္ဒပြခဲ့သည်။

## ဒီဇင်ဘာ ၁၁ ရက်နေ့

အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင်သည် ဖေဖော်ဝါရီ ၁ ရက် မအောင်မြင်သောအာဏာသိမ်းမှုနောက် ငြိမ်းချမ်းစွာ ဆန္ဒပြသူများအား သေစေသောအကြမ်းဖက်နှိမ်နင်းမှုများကို ဦးဆောင်မှုဖြင့် နိုင်ငံတကာရာဇဝတ်တရားရုံး (ICC) တွင် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများ ကျူးလွန်သည်ဟု စွပ်စွဲခံထားရသည်။

## ဒီဇင်ဘာ ၁၂ ရက်နေ့

မန္တလေးတိုင်း၊ ချမ်းမြသာစည်မြို့နယ်၊ ၆၂ လမ်း ကုတင် ၃၀၀ သင်ကြားရေးဆေးရုံရှေ့တွင် ဆိုင်ကယ်စီးလာသော ကိုယ်ဝန်ဆောင် သူနာပြုဆရာမနှင့် ခင်ပွန်းဖြစ်သူတို့ကို အာဏာသိမ်းစစ်တပ်မှ ပစ်သတ်လိုက်သည်။




လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma